# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

## နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၀၈ ခုနှစ်၊ မတ်လ (၈) ရက်နေ့

ယနေ့ ၂၀၀၈ ခုနှစ်၊ မတ်လ (၈) ရက်နေ့၊ နိုင်ငံတကာအမျိုးသမီးများနေ့သည် အရိုးစွဲနေသော ယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် တည်ရှိနေသည့် အမျိုးသမီးများအပေါ် တဖက်သတ်ခွဲခြားဖိနှိပ်မှုများ အဆုံးသတ် နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု ကြီးများ ဖြစ်ပေါ်လာစေသော သမိုင်းဝင်နေ့တနေ့ ဖြစ်သည်။

မိမိတို့ အမျိုးသမီး များအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် နိုင်ငံတကာ ညီအစ်မများနှင့်အတူ လက်တွဲ၍ လူ့အဖွဲ့အစည်း အသီးသီးတွင် တရားမျှတမှုရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာ ပါဝင်လှုပ်ရှား နေသည့်နည်းတူ၊ မိမိတို့ လူ့အဖွဲ့အစည်း၌ စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေး၊ ဒီမိုကရေစီပေါ်ထွန်းရေး၊ တန်းတူရေးအနှစ်သာရ အပြည့် အဝရှိမည့် အနာဂတ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် တတ်အားသ၍ ကြိုးပမ်း ဆောင်ရွက် လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ပြည်တွင်းစစ် မီးတောက်လောင်ခဲ့ရပြီး တိုင်းရင်းသား လူမျိုး ပေါင်းစုံ အပါအဝင် ပြည်သူတရပ်လုံး အနှစ် (၆၀) နီးပါး စစ်ကျွန်ဘဝကို ကျရောက်နေဆဲဖြစ်၍ အမျိုးသမီးများတို့၏ ဘဝသည်လည်း ဘက်ပေါင်းစုံ နစ်နာဆုံးရှုံးမှုများဖြင့် တွေ့ကြုံခံစားခဲ့ကြရပါသည်။

ယနေ့အထိ စစ်အစိုးရသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ အဖြေရှာရန် ငြင်းဆန်လျက် စစ်အာဏာရှင်စနစ် ပိုမို ခိုင်မြဲစေမည့် ၎င်းတို့၏ တဖက်သတ် လမ်းပြမြေပုံကို ဆုတ်ကိုင်ကာ ရှေ့ဆက်ရန် ပြောင်ပြောင်တင်းတင်း ဆက်လက် ပြုလုပ်နေရာ ယခုအခါ၌ ၎င်းတို့၏ လမ်းပြမြေပုံအရ 'လူထုဆန္ဒခံယူပွဲ' ကို အကြပ်ကိုင်သောနည်း၊ မသမာသော နည်းများဖြင့် ဇွတ်အတင်း ပြုလုပ်ရန် ပြင်ဆင်နေသည်။ ဤသို့ပြုလုပ်နေခြင်းသည် 'တွေ့ဆုံဆွေးနွေးရေး' ကို တစိုက်မတ်မတ် တောင်းဆိုနေသော တိုင်းရင်းသား အင်အားစုများ အပါအဝင် ဒီမိုကရေစီ အင်အားစုများနှင့် ပြည်သူ တရပ်လုံး၏ ဆန္ဒကို အတိအလင်း ဆန့်ကျင် ကြောင်း ထပ်မံ ပြသလိုက်သည့်နည်းတူ၊ မိမိတို့ အမျိုးသမီးထု အပါအဝင် ပြည်သူလူထုတရပ်လုံးကို စိမ်ခေါ်လိုက်သောလုပ်ရပ် ဖြစ်သည်ဟု မိမိတို့ မှတ်ယူသည်။

သို့ပါ၍ မိမိတို့ အမျိုးသမီး များအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မြန်မာနိုင်ငံရှိ အမျိုးသမီးထုကြီး အပါအဝင် ပြည်သူတရပ်လုံးက မိမိတို့၏ ဆန္ဒသဘောထား များကို ပြတ်ပြတ်သားသား ထုတ်ဖော်ပြသရမည့် အချိန်ရောက်လာပြီ ဖြစ်ကြောင်း သတိပေး နှိုးဆော် အပ်ပါသည်။

စစ်အစိုးရ ပြင်ဆင်နေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသည် ၁၉၉၀ ရွေးကောက်ပွဲခံနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူ့ဆန္ဒသဘောထားများ လုံးဝမပါဝင်ဘဲ ၎င်းတို့စိတ်ကြိုက် စစ်အာဏာကို ဆက်လက်တည်မြဲ စေမည့် စစ်အစိုးရကို တရားဝင်ဖြစ်စေမည့် ဖွဲ့စည်းပုံသာဖြစ်သည်။ ယင်းဖွဲ့စည်းပုံသာ အတည်ဖြစ်မည်ဆိုပါက မြန်မာနိုင်ငံ အမျိုးသမီးထု ကြီး တရပ်လုံး ခံစားနေကြရသည့် မတရားမှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် လိင်အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုများနှင့် ဒုက္ခမျိုးစုံကို ဆက်လက် ရင်ဆိုင်နေကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် စစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအတွက်လုပ်မည့် 'လူထုဆန္ဒခံယူပွဲ' တခဲနက် **ကန့်ကွက်ဆန္ဒမဲ** ပေးကြပါရန် နိုင်ငံတကာ အမျိုးသမီးများနေ့တွင် အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)မှ အထူးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

တချိန်တည်းမှာပင် မိမိတို့သည် မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ ဘဝမြင့်မား တိုးတက်ရေး လှုပ်ရှားမှုကြီးကို ဆထက်တပိုး တိုးမြှင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ဤနေ့တွင် အတိအလင်း ထပ်မံ၍ ထုတ်ဖော် ပြောကြားလိုက်ပါသည်။


**ဆက်သွယ်ရန်**

နန်းယဉ် (+၁) ၆၄၆ ၆၇၃၄ ၈၉၅
ဒွဲလိန် (+၆၆) ၈၉ ၄၃၄၈ ၉၇၆
နန်းဆိုင်နောင့် (+၆၆) ၈၁ ၈၈၄၄ ၉၆၃
မိဆူးပွင့် (+၆၆) ၈၁ ၈၈၄ ၅၅၆၂